**KNU - ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

နေ့စွဲ ။ ။ မတ်လ (၁၆) ရက်နေ့၊ ၂၀၁၈ ခုနှစ်

**<u>အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်နေဆဲကာလတွင် တပ်မတော်မှ မူတြော်ခရိုင် (ဖါပွန်)</u>**

**<u>အတွင်း စစ်ရေးအမြင်ဖြင့် ကားလမ်းဖောက်လုပ်ရေးအတွက်</u>**

**<u>တပ်အင်အားစေလွှတ်မှုနှင့်ပါတ်သက်သည့် စစ်ရေးလှုပ်ရှားမှုများအပေါ်</u>**

**<u>KNU - ကရင်အမျိုးသားအစည်းအရုံး၏</u>**

**<u>သဘောထားထုတ်ပြန်ချက်</u>**

KNU မူတြော်ခရိုင် (ဖါပွန်)/ တပ်မဟာ(၅) ဒေသ၊ လူသောမြို့နယ်အတွင်းသို့ ၂၀၁၈ ခုနှစ် မတ်လ (၄) ရက်နေ့မှစတင်၍ တပ်မတော်က စစ်ဆင်ရေးလမ်းကြောင်းကို အထောက်အကူပြုနိုင်သည့် ကားလမ်းဖောက်လုပ်မှုတစ်ခုကို "ခေးပူကျေးရွာ နှင့် လယ်မူပလောကျေးရွာ" အကြား ပြုလုပ်ရန် ပြင်ဆင်နေသည့် အနေအထားရှိနေသည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး KNU ဘက်မှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတက်ဖြစ်ထွန်းမှုအရ ထိုလုပ်ငန်းအပေါ် လက်ရှိအနေအထားအရ ခွင့်မပြုနိုင်သေးသည့်အတွက် တပ်မတော်ဘက်မှ အင်အားဖြည့်တင်းကာ တပ်လှုပ်ရှားမှု နှင့် ဒွန်တွဲသည့် လမ်းအူကြောင်းရှာသည့် လုပ်ငန်းကို ဆက်လက်ပြုလုပ်လာသောကြောင့် နစ်ဖက်စစ်ရေး တင်းမာမှုများ ဖြစ်ပေါ်လာခဲ့ပြီး ဒေသခံ ကျေးရွာ(၁၄) ရွာ လူထု (၂၀၀၀) နီးပါးမှ ဘေးကင်းရာ ချောင်းကြီးချောင်းဖြားသို့ ထွက်ပြေး တိမ်း ရှောင်နေရပါသည်။

KNU - ကရင်အမျိုးသားအစည်းအရုံးသည် ပြည်ထောင်စုအစိုးရနှင့် ၂၀၁၂ ခုနှစ်တွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးစာချုပ်များ၊ ၂၀၁၅ ခုနှစ်တွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက် (Deed of Commitment for Peace and National Reconciliation) နှင့် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် (NCA) စသည့် စာချုပ်များကို လက်မှတ်ရေးထိုးချုပ်ဆိုပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တက်တက်ကြွကြွဖြင့် ရှေ့တန်းမှ အားကြိုးမာန်တက်လုပ်ဆောင်လျှက်ရှိနေပါသည်။

သို့ဖြစ်ရာ လက်ရှိကာလသည် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများဆိုင်ရာ အခြေခံအယူအဆညှိနှိုင်းဆွေးနွေးမှုများတွင် လိပ်ခဲတင်းလင်းဖြစ်နေပြီး ထိုအခက်အခဲများကိုဖြေလျှော့နိုင်ရေးအတွက် လမ်းရှာနေသော ကာလဖြစ်သည်။ NCA အကောင်အထည်ဖော်မှုဆိုင်ရာလုပ်ငန်း၏ အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်အကောင် အထည်ဖော်မှုတို့တွင်လည်း ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ ပိုမိုလုပ်ဆောင် အားဖြည့် ဆောင်ရွက်ရန် လိုအပ်နေသောကာလဖြစ်နေသည့်အတွက် တပ်မတော်ဘက်မှ ဤကဲ့သို့သော လုပ် ဆောင်မှုများနှင့် နစ်ဖက်ထိတွေ့မှုများသည် NCA ချုပ်ဆိုနိုင်ရေးဆိုင်ရာ ကြိုးပမ်းစဉ်ကာလက နစ်ဖက် လက်ခံထားသည့် အခြေခံစဉ်းစားမှုများနှင့် NCA ၏တန်ဘိုးများမှသွေဖီနေပြီး NCA သဘောတူညီ ချက်များကို ချိုးဖောက်လျှက်ရှိနေပါသည်။

KNU-HQ2016

ထို့ကြောင့် NCA အကောင်အထည်ဖော်မှု အောင်မြင်နိုင်ရေးအတွက် NCA စာချုပ်နှင့်ပါတ်သက်သည့် နှစ်ဖက်အကြား ဘုံနားလည်လက်ခံထားရမည့် အဓိပ္ပါယ်ဖွင့်ဆိုမှုများ၊ အခြေခံစည်းစားမှုများဆိုင်ရာ ဆက်

လက် ညှိနှိုင်းရန်လိုအပ်သည့် ဆွေးနွေးမှုများ၊ တပ်ပိုင်းဆိုင်ရာဆက်လက်ဆွေးနွေးရမည့် ဆွေးနွေးပွဲများ၊ JMC- ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီအား သီးခြား လွတ်လပ်သည့် စောင့်ကြည့်ရေး ယန္တရားအဖြစ် ဘက်မလိုက်သော တတိ အင်အားစုများအား ပါဝင်စေခြင်း၊ စသည်တို့အား မဖြစ်မနေပြုလုပ်ရန် အရေးတကြီး လိုအပ်နေကြောင်းကို ညွှန်ပြနေသည့်အတွက် KNU-ကရင်အမျိုးသားအစည်းအရုံးမှ အောက်ပါအချက်များကို သဘောထား ထုတ်ပြန်လိုက်သည်။

၁။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ယုံကြည်မှုတည်ဆောက်ရေးကို လက်တွေ့ပြသသည့်အနေဖြင့် စစ်ရေးလှုပ်ရှားမှုများကို ရပ်ဆိုင်းခြင်း၊ လမ်းဖောက်လုပ်ရေးလုပ်ငန်းအတွက် စေလွှတ်ထားသော စစ်မဟာဗျူဟာကွပ်ကဲရေးဌာနချုပ်များနှင့် လက်အောက်ခံတပ်ရင်းများကို ပြန်လည် ရုတ်သိမ်းမှုများပြုလုပ်ရန်တောင်းဆိုပြီး စစ်ဘေးရှောင် ကရင်ပြည်သူလူထုများ နေရပ်ပြန်လည် ဝင်ရောက်နေထိုင်နိုင်ရေး လုံခြုံမှုအာမခံချက်ပေးရမည်။

၂။ NCA တွင် အသိသက်သေအဖြစ် လက်မှတ်ရေးထိုးထားသည့်နိုင်ငံများ အပါအဝင်၊ ပြည်တွင်း နှင့် နိုင်ငံတကာအဖွဲ့အစည်းများအား နှစ်ဖက်စစ်ရေးတင်းမာမှုများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေကြရသော စစ်ဘေးရှောင်ပြည်တွင်း နေရပ်စွန့်ခွာသူလူထုများအတွက် လူသားခြင်း စာနာထောက်ထားသော အထောက်အကူများ ပေးအပ်ရန်အတွက်လည်း တောင်းဆိုပါသည်။

၃။ မြန်မာ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် NCA လက်မှတ်ရေးထိုးသူများ ဖြစ်သော နိုင်ငံတော်အစိုးရနှင့် EAOs များ အကြားကွဲလွဲနေသေးသည့် NCA ဆိုင်ရာအခြေခံယူဆချက်များ၊ အနာဂတ်ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ဘုံရည်မှန်းချက်နှင့် ဘုံတန်ဖိုးများကို ဖော်ထုတ်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ရန်ကိုလည်း နိုင်ငံတော်အစိုးရအား တောင်းဆိုပါသည်။

KNU - ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် (၁၆) ကြိမ်မြောက်ကွန်ကရက်မှ ချမှတ်ထားသော ပြည်တွင်းငြိမ်းချမ်းရေးအပေါ်ထားရှိသော သဘောထားများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ စစ်မှန်ပြီး တရားမျှတသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများဖြစ်ပေါ်ရေးအတွက် သက်ဆိုင်သူ အင်အားစုများအားလုံးအကြား၊ တွေ့ဆုံညှိနှိုင်း ဆွေးနွေး အဖြေရှာသွားမည်ဖြစ်ကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**ဆက်သွယ်ရန် -**

၁။ ပဒိုစောကွယ်ထူးဝင်း (ဒုတိယ-ဥက္ကဋ္ဌ)
(+၆၆ ၈၁ ၈၀၇ ၆၂၇၉၊ +၉ ၅ ၉၄၂၂၁၉ ၁၉ ၄၁)
kwehtoowin@gmail.com

**၂။ ပဒိုစောတာဒိုမူး (အထွေထွေအတွင်းရေးမှူးချုပ်)**
(+ ၆၆ ၆၄၆၄၅၉ ၁၁၃၊ + **၉၅ ၉၇၉၅၈၈၇၀၈၅**
klomooo@yahoo.com

KNU-HQ2018

**********